# ၂၀၁၅ မြန်မာတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေအပေါ် ထင်မြင်သုံးသပ်ချက်များ

ဂျော့နသန်လီ(လ်)ဂျဘလတ် အကြီးတန်းကထိက၊ ဆွင်းဘန်းဥပဒေတက္ကသိုလ်

ဤစာတမ်းသည် ၂၀၁၅ မြန်မာတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေမှ ပေါ်ပေါက်လာနိုင်သည့် ပြဿနာအကြောင်းကိစ္စရပ်များအား ပွိုင့်-ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့ **(POINT)**မှ ဘာသာပြန်ဆိုထားမှုအပေါ် အခြေခံ၍ အကျဉ်းချုပ်သုံးသပ်တင်ပြထားပါသည်။

လေ့လာသုံးသပ်ရခြင်း၏ ရည်ရွယ်ချက်အနေဖြင့် ၂၀၁၅ မြန်မာတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေကို ရေးဆွဲပြဌာန်းထားရှိပြီးဖြစ်သော ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်းနှင့် နှိုင်းယှဉ်၍ လေ့လာသုံးသပ်ရန် ဖြစ်သည်။ ထိုစာချုပ်စာတမ်းများမှာ နိုင်ငံသား သို့မဟုတ် တိုင်းရင်းသားလူနည်းစု၊ ဘာသာသာသနာ သို့မဟုတ် ဘာသာစကားအရ လူနည်းစုတို့၏ အခွင့်အရေးဆိုင်ရာကြေညာချက် (၁၉၉၂လူနည်းစုဆိုင်ရာကြေညာချက်)နှင့် ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း(**UNDRIP**)တို့ ဖြစ်ပါသည်။ ထင်မြင်သုံးသပ်ချက်များကို အောက်ပါအတိုင်း အခန်း(၂)ခန်းဖြင့် စုစည်းတင်ပြထားရှိပါသည်-

၁) ၂၀၁၅ မြန်မာတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေတွင် ပြဌာန်းထားခြင်းမရှိသော်လည်း ၁၉၉၂လူနည်းစုဆိုင်ရာကြေညာချက်နှင့် ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်းစသည့် နိုင်ငံတကာအဆင့် ကြေညာချက်စာချုပ်စာတမ်းများတွင် ပြဌာန်းထားရှိသည့် အချက်များ၊

၂) ၂၀၁၅ မြန်မာတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်ဥပဒေတွင် ပြဌာန်းထားရှိသော်လည်း ၂ပေါ်ပေါက်လာနိုင်သည့် ပြဿနာအကြောင်းကိစ္စရပ်များ။

### ၂၀၁၅ မြန်မာတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်ဥပဒေတွင် မပါရှိသော အချက်များ

၂၀၁၅ မြန်မာတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်ဥပဒေတွင် ပြဌာန်း မထားသော ဌာနေတိုင်းရင်းသားလူမျိုးများဆိုင်ရာ အခွင့်အရေးများ ရှိပါသည်။ ၂၀၁၅ မြန်မာ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်ဥပဒေတွင် မပါရှိသောအခွင့်အရေးများကို ၁၉၉၂လူနည်းစုဆိုင်ရာ ကြေညာချက်နှင့် ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်းတို့တွင် တိတိကျကျထည့်သွင်းပြဌာန်းထားပါသည်။ ၎င်းအခွင့်အရေးများ၏ အရေးပါမှုနှင့် ၂၀၁၅ မြန်မာတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေတွင် ထိုအခွင့်အရေးများ မပါရှိသည့်အတွက် ၂၀၁၅ မြန်မာတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေအပေါ် ပြန်လည်လေ့လာသုံးသပ်ရန် လိုအပ်လာပါသည်။

### (၁) တစ်ဦးချင်းအလိုက်၊ အစုအဖွဲ့အလိုက်အခွင့်အရေးများတန်းတူညီမျှမှုရှိစေခြင်း (၁၉၉၂လူနည်းစုဆိုင်ရာ ကြေညာချက် ပိုဒ်ခွဲ ၃နှင့် ၈၊ ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း နိဒါန်းနှင့် ပိုဒ်ခွဲ ၁)

၂၀၁၅ မြန်မာတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ၌ တစ်ဦးချင်းအလိုက်၊ အစုအဖွဲ့အလိုက် အခွင့်အရေးများ တန်းတူညီမျှမှုရှိစေရေးနှင့်စပ်လျဉ်းသည့် ဆွေးနွေးချက်များမပါရှိပေ။ ၁၉၉၂ လူနည်းစုဆိုင်ရာ ကြေညာချက် (ပိုဒ်ခွဲ ၃ နှင့် ၈)၊ ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း (နိဒါန်းနှင့် ပိုဒ်ခွဲ ၁)တို့တွင် ဌာနေတိုင်းရင်းသားအစုအဖွဲ့များ၏ အခွင့်အရေးများနှင့် တစ်ဦးချင်းအလိုက် အခွင့်အရေးများ သာတူညီမျှမှုရှိစေရေးကို အလေးထားပါသည်။ ဌာနေတိုင်းရင်းသားအစုအဖွဲ့များတွင် အစုအဖွဲ့ဆိုင်ရာအခွင့်အရေးများ ချမှတ်ထားရှိပါသည်။ သို့သော်လည်း အစုအဖွဲ့ဆိုင်ရာအခွင့်အရေးများသည် ဌာနေတိုင်းရင်းသားတစ်ဦးချင်း၏ အခွင့်အရေးများကို အလေးထားပေးရန် လိုအပ်ပါသည်။ ဆိုလိုသည်မှာ ဌာနေတိုင်းရင်းသားအစုအဖွဲ့များတွင် အစုအဖွဲ့ဆိုင်ရာအခွင့်အရေးများ ချမှတ်ထားရှိသော်လည်း အစုအဖွဲ့ဝင်တစ်ဦးချင်းစီ၏ အခြေခံလူ့အခွင့်အရေးများကိုမူ ချိုးဖောက်ခွင့်မရှိပေ။ ဤအချက်အား ၂၀၁၅ မြန်မာတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေတွင် ထည့်သွင်း ရေးဆွဲထားခြင်း မရှိပေ။

---

### (၂) မိမိတို့လိုလားသည့်အစိုးရအား ကိုယ်တိုင်ရွေးချယ်တင်မြှောက်နိုင်သည့်အခွင့်အရေး (ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း၊ ပိုဒ်ခွဲ ၃ - ၅)

၂၀၁၅ မြန်မာတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေတွင် မိမိတို့လိုလားသည့် အစိုးရအား ကိုယ်တိုင်ရွေးကောက်တင်မြှောက်ပိုင်ခွင့်ဆိုင်ရာ ဖော်ပြချက်မပါရှိပေ။ ဌာနေတိုင်းရင်းသားလူမျိုးများ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း(ပိုဒ်ခွဲ ၃-၅)တွင် မိမိတို့လိုလားသည့်အစိုးရအား ကိုယ်တိုင်ရွေးကောက်တင်မြှောက်ခွင့် ပေးထားပါသည်။ ဤအချက်သည် နိုင်ငံရေး၊ ဥပဒေရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ ဌာနေတိုင်းရင်းသားလူမျိုးများကို ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ပြုထားပါသည်။ (သာဓကအားဖြင့် ၎င်းတို့တွင် သီးခြားအစိုးရ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် လွတ်လပ်သော အချုပ်အခြာအာဏာနိုင်ငံအဖြစ် တည်ထောင်ထားရှိနိုင်သည့် ဆုံးဖြတ်ပိုင်ခွင့်)။ အဆိုပါအခွင့်အရေးသည် ၂၀၁၅ မြန်မာတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေတွင်မပါရှိပေ။

---

### (၃) နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာစနစ်များကို ထိန်းသိမ်းထားနိုင်သည့် အခွင့်အရေး(ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း၊ ပိုဒ်ခွဲ ၂၀)

၂၀၁၅ မြန်မာတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေသည် ဌာနေတိုင်းရင်းသားလူမျိုးများအတွက် ၎င်းတို့ပိုင်ဆိုင်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာစနစ်များကို ထိန်းသိမ်းထားရှိနိုင်ရန်အတွက် အခွင့်အရေးများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပေ။ သို့သော်လည်း ထိုအခွင့်အရေးများသည် ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း(ပိုဒ်ခွဲ ၂၀)တွင် ဖော်ပြပါရှိပါသည်။ ထိုအခွင့်အရေးများသည် မိမိတို့လိုလားသည့်အစိုးရအား ကိုယ်တိုင်ရွေးချယ်တင်မြှောက်နိုင်ခွင့် ပြုထားပါသည်။ မိမိတို့လိုလားသောအစိုးရအား ကိုယ်တိုင်ရွေးချယ်တင်မြှောက်နိုင်သည့် အခွင့်အရေးရှိခြင်းအားဖြင့် ထိုအခွင့်အရေးပိုင်ဆိုင်သူများမှ မိမိတို့စိတ်ကြိုက် ရွေးချယ်ပိုင်ခွင့်ရရှိမည်ဖြစ်သည်။ အခြားရွေးချယ်စရာ နိုင်ငံရေး၊ စီးပွားရေး သို့မဟုတ် လူမှုရေးစနစ်တစ်ခုခုထားရှိမှသာလျှင် နိုင်ငံရေးအခြေအနေများ၌ ဆုံးဖြတ်ရွေးချယ်နိုင်မည်ဖြစ်သည်။

---

## (၄) အသင်းဝင်ဖြစ်ခွင့်အား ဆုံးဖြတ်နိုင်သည့်အခွင့်အရေး (ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း၊ ပိုဒ်ခွဲ ၃၃)

၂၀၁၅ မြန်မာတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေသည် ဌာနေတိုင်းရင်းသား အစုအဖွဲ့များအတွက် အစုအဖွဲ့အတွင်း အသင်းဝင်ဖြစ်ခွင့် အရည်အချင်းသတ်မှတ်ချက်နှင့် လုပ်ငန်းစဉ်များကို ဆုံးဖြတ်နိုင်သည့် အခွင့်အရေးကို ပြဋ္ဌာန်းမထားပေ။ ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း(ပိုဒ်ခွဲ ၃၃)တွင် ဌာနေတိုင်းရင်းသားအစုအဖွဲ့မှ အဖွဲ့ဝင်များအား ရွေးချယ်ဆုံးဖြတ်နိုင်ရန် ခွင့်ပြုထားပါသည်။ ဤအခွင့်အရေးသည် ဌာနေတိုင်းရင်းသားအစုအဖွဲ့တစ်ခုကို ၎င်းတို့၏အဖွဲ့ဝင်အဖြစ် သတ်မှတ်နိုင်ရေး ခွင့်ပြုထားသည့်အတွက် မိမိတို့လိုလားသည့်အစိုးရအား ကိုယ်တိုင်ရွေးကောက်တင်မြှောက်နိုင်သည့် အခွင့်အရေးနှင့် ဆက်စပ်နေပါသည်။ ဤနည်းအားဖြင့်အစုအဖွဲ့ပိုင် အထောက်အထားများ သတ်မှတ်ပြဋ္ဌာန်းနိုင်ရန် အထောက်အကူပြုပါသည်။

---

## (၅) ထိခိုက်နစ်နာမှုများအတွက် ပြန်လည်ကုစားရန် လိုအပ်သည့် နိုင်ငံတော်၏ တာဝန်

၂၀၁၅ မြန်မာတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဥပဒေတွင် ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း၌ ပြဋ္ဌာန်းထားသည့် ဌာနေတိုင်းရင်းသားလူမျိုးများဆိုင်ရာ ကာကွယ်တားဆီးပေးမှုများ မပါရှိပေ။ ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း(ပိုဒ်ခွဲ ၈)သည် အောက်ပါအချက်များကို ကာကွယ်တားဆီးပေးရန်အတွက် နိုင်ငံတော်တွင် တာဝန်ရှိကြောင်း အခိုင်အမာဖော်ပြထားရှိပါသည်-

- ဌာနေတိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုများ ရေရှည်တည်တံ့ခိုင်မြဲမှုကို ပိတ်ပင်ထားဆီးသည့် လုပ်ဆောင်ချက်များ
- ဌာနေတိုင်းရင်းသားလူမျိုးတို့၏ မြေယာနယ်နိမိတ်နှင့် သယံဇာတအရင်းအမြစ်များအား ရယူသည့် လုပ်ဆောင်ချက်များ
- ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများကို လျော့ပါးစေသည့် လုပ်ဆောင်ချက်များ
- ဌာနေတိုင်းရင်းသားလူမျိုးများကို လူများစုအဖြစ် ပြောင်းလဲလက်ခံယုံကြည်လာစေရန် အတင်းအကျပ်တွန်းအားပေးဆောင်ရွက်သည့် လုပ်ဆောင်ချက်များ
- ဌာနေတိုင်းရင်းသားလူမျိုးများအပေါ် လူမျိုးရေးခွဲခြားဆက်ဆံမှုကို အားပေးလှုံ့ဆော်သည့် ဝါဒဖြန့်မှု

အထက်ပါ လုပ်ဆောင်ချက်များ ကျူးလွန်ခံရသည့် ဌာနေတိုင်းရင်းသားလူမျိုးများ၏ ထိခိုက်နစ်နာမှုများအား ပြန်လည်ကုစားပေးရန်အတွက် နိုင်ငံတော်တွင်တာဝန်ရှိပါသည်။ ဖော်ပြပါအချက်များသည် ၂၀၁၅ မြန်မာတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေတွင် ပြဋ္ဌာန်းမထားရှိပေ။ ထိုသို့ ကျူးလွန်မှုများကို ကာကွယ်တားဆီးခြင်း၊ ထိခိုက်နစ်နာမှုများအပေါ် ပြန်လည်ကုစားခြင်းတို့အတွက် နိုင်ငံတော်၏တာဝန်များကို ထည့်သွင်း ရေးဆွဲထားခြင်း မရှိပေ။

---

## (၆) လွတ်လပ်သောကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်းမရှိဘဲ မြေယာများမှ အတင်းအကျပ်ဖယ်ရှားခိုင်းစေမှုမရှိခြင်း (ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း၊ ပိုဒ်ခွဲ ၁၀)

၂၀၁၅ မြန်မာတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေသည် ဌာနေတိုင်းရင်းသားလူမျိုးများအား ၎င်းတို့ပိုင် မြေယာများမှ အတင်းအကျပ်ဖယ်ရှားခိုင်းစေသည့် ပြဿနာကိစ္စရပ်များကို ဖြေရှင်းနိုင်ရန် ထည့်သွင်းရေးဆွဲမထားပေ။ ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း (ပိုဒ်ခွဲ ၁၀)တွင် နိုင်ငံတော်အနေဖြင့် ဌာနေတိုင်းရင်းသားလူမျိုးများကို ၎င်းတို့ပိုင်မြေယာများမှ ဖယ်ရှားလိုပါက အတင်းအကျပ်ဖယ်ရှားပိုင်ခွင့်မရှိဘဲ လွတ်လပ်သော၊ ကြိုတင်အသိပေးမှုနှင့် လူထုသဘောထားရယူခြင်းလုပ်ငန်းစဉ်ကို မဖြစ်မနေ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ၂၀၁၅မြန်မာတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေတွင် တိုင်းရင်းသားလူမျိုးများ၏ ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ စီမံကိန်းကြီးများ၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် သို့မဟုတ် သဘာဝသယံဇာတများ ထုတ်ယူသုံးစွဲခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ချပြအသိပေး၍ ညှိနှိုင်းဆောင်ရွက်ရန် ပြဋ္ဌာန်းထားပါသည် (၂၀၁၅ မြန်မာတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ အခန်း၄၊ ပိုဒ်ခွဲ ၅)။ သို့သော် ပြဋ္ဌာန်းချက်မှာ ဘောင်ကျဉ်းလွန်းပြီး ဤအချက်တွင် မြေယာနယ်နိမိတ်များမှ အတင်း အဓမ္မဖယ်ရှားစေသည့် ကိစ္စရပ်များ မပါဝင်ပေ (သာဓကအားဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်မဖော်ဘဲ မြေယာကိုသာ ရယူပိုင်ဆိုင်လိုသူများ)။

---

(၇) အဖိုးတန်အခမ်းအနားပစ္စည်းများနှင့် လူသားတို့၏ ရှေးဟောင်းကျန်ရှိပစ္စည်းများအား မူရင်းနိုင်ငံသို့ ပြန်လည်ပို့ဆောင်နိုင်သည့် အခွင့်အရေးများ (၂ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း၊ ပိုဒ်ခွဲ ၁၂)

၂၀၁၅ မြန်မာတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေသည် တိုင်းရင်းသားလူမျိုးများအတွက် ၎င်းတို့ပိုင်ဆိုင်သည့် အဖိုးတန်အခန်းအနားပစ္စည်းများနှင့် လူသားတို့၏ ရှေးဟောင်း ကျန်ရှိပစ္စည်းများအား မူရင်းနိုင်ငံသို့ ပြန်လည်ပို့ဆောင်နိုင်သည့် အခွင့်အရေးကို ပြဋ္ဌာန်းထားခြင်းမရှိပေ။ ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာကုလသမဂ္ဂကြေညာစာတမ်း(ပိုဒ်ခွဲ ၁၂)တွင်မူ ၎င်းအခွင့်အရေးများကို ဌာနေတိုင်းရင်းသားလူမျိုးစုများအတွက် ထည့်သွင်းရေးဆွဲပေးထားပါသည်။ ထို့ကြောင့် ဌာနေတိုင်းရင်းသား မဟုတ်သည့် လူမျိုးများမှ အခြားအရပ်သို့ ယူဆောင်သွားသော သို့မဟုတ် ခိုးယူသွားသော အဖိုးတန်အခန်းအနားပစ္စည်းများ နှင့် လူသားတို့၏ ရှေးဟောင်းကျန်ရှိပစ္စည်းများအား ဌာနေတိုင်းရင်းသားလူမျိုးများမှ ပြန်လည်ရယူနိုင်ရန် ခွင့်ပြုပေးထားပါသည်။

---

(၈) ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်းတွင် ရှေးဟောင်းသမိုင်းဆိုင်ရာ၊ အတွေးအမြင်ဆိုင်ရာ အခွင့်အရေးများပါရှိပါသည်။ (ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း၊ ပိုဒ်ခွဲ ၁၂)

၂၀၁၅ မြန်မာတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေတွင် ရှေးဟောင်းသမိုင်းဆိုင်ရာ၊ အတွေးအမြင်ဆိုင်ရာအခွင့်အရေးများ ပြဋ္ဌာန်းမထားပေ။ (၂၀၁၅မြန်မာတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ၊ အခန်း ၃၊ ပိုဒ်ခွဲ ၄ တွင်) သမိုင်းလုပ်ငန်းစဉ်များဆိုင်ရာ အခွင့်အရေးအား ရေးဆွဲပြဋ္ဌာန်းထားရှိသော်လည်း ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း(ပိုဒ်ခွဲ ၁၃)တွင်ပါရှိသည့် ဌာနေတိုင်းရင်းသားလူမျိုးတို့၏ ရှေးဟောင်းသမိုင်းများနှင့် အတွေးအမြင် အယူအဆများအား ထိန်းသိမ်းထားရှိရန် ဌာနေတိုင်းရင်းသားလူမျိုးများအတွက် ရေးဆွဲပြဋ္ဌာန်းပေးထားသည့် အခွင့်အရေးနှင့် မတူညီပေ။ ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်းတွင် အကာအကွယ်ပေးမှု အစီအမံများကို ၂၀၁၅ မြန်မာတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေထက် ပိုမိုကျယ်ပြန့်စွာ ပြဋ္ဌာန်းထားရှိပါသည်။

---

## (၉) ဆုံးဖြတ်ချက်များချမှတ်ရာတွင် ပါဝင်နိုင်သည့်အခွင့်အရေး (ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာကုလသမဂ္ဂကြေညာစာတမ်း၊ ပိုဒ်ခွဲ ၁၈)

၂၀၁၅ မြန်မာတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေတွင် ဌာနေတိုင်းရင်းသားမျိုးနွယ်စုများအပေါ် အကျိုးသက်ရောက်မှုရှိနိုင်သည့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် အစုအဖွဲ့တိုင်းမှ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်သော အခွင့်အရေးကို ပြဋ္ဌာန်းမထားပေ။ ၂၀၁၅မြန်မာတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေတွင် စီမံကိန်းလုပ်ငန်းများအား တိုင်းရင်းသားမျိုးနွယ်စုများနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါသည် (၂၀၁၅ မြန်မာတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေအခန်း ၅၊ ပိုဒ်ခွဲ ၅)။ သို့သော်လည်း ဤအချက်မှာ ၂ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း(ပိုဒ်ခွဲ ၁၈)တွင် ပြဋ္ဌာန်းထားရှိသည့်အချက်ကဲ့သို့ ကျယ်ပြန့်မှုမရှိပေ။ ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း(ပိုဒ်ခွဲ ၁၈)တွင် ပြဋ္ဌာန်းထားသည်မှာ ဌာနေတိုင်းရင်းသားလူမျိုးစုတစ်စုကို အကျိုးသက်ရောက်စေသည့် ဆုံးဖြတ်ချက်အားလုံးကို ပူးပေါင်းဆောင်ရွက်ရန် ဖြစ်ပါသည် (ဥပမာအားဖြင့် ဌာနေတိုင်းရင်းသားလူမျိုးများ မပါဝင်သည့် ပညာရေးဆိုင်ရာမူဝါဒကဲ့သို့သော စီမံကိန်းလုပ်ငန်းများဆိုင်ရာ အစိုးရဆုံးဖြတ်ချက်များသည် ဌာနေတိုင်းရင်းသား လူမျိုးများ၏ အခွင့်အရေးများကို အကျိုးသက်ရောက်စေနိုင်ပါသည်။)

---

## (၁၀) ဓလေ့ထုံးတမ်းအရ မြေယာပိုင်ဆိုင်မှုနှင့် မြေယာလုပ်ကိုင်ခွင့်နည်းစနစ်များ

၂၀၁၅ မြန်မာတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေသည် ဓလေ့ထုံးတမ်းအရ မြေယာပိုင်ဆိုင်မှုနှင့် မြေယာလုပ်ကိုင်ခွင့် နည်းစနစ်များဆိုင်ရာ သဘောထားအယူအဆများကို ရည်ညွှန်းဖော်ပြထားခြင်းမရှိပေ။ ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း၌ ပြဋ္ဌာန်းထားရှိသည့်အချက်များမှာ ဌာနေတိုင်းရင်းသားများမှ ဓလေ့ထုံးတမ်းအရပိုင်ဆိုင်လာခဲ့ကြသည့် မြေယာများနှင့် စပ်လျဉ်းသည့် အခွင့်အရေးများ၊ ဓလေ့ထုံးတမ်းအရမြေယာလုပ်ကိုင်ခွင့်နည်းစနစ်များကို အခြေခံသည့် အခွင့်အရေးများအား အသိအမှတ်ပြုထား ပါသည် (ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း၊ ပိုဒ်ခွဲ ၂၅-၂၈)

---

## (၁၁) အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများရွေးချယ်ရာတွင် ပွင့်လင်းမြင်သာမှုမရှိခြင်း သို့မဟုတ် ညှိနှိုင်းတိုင်ပင်မှုမရှိခြင်း

ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်းနှင့် နှိုင်းယှဉ်ကြည့်ပါက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအတွင်း အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများအတွက် ရွေးချယ်ဖွဲ့စည်းရေးလုပ်ငန်းစဉ်နှင့် စပ်လျဉ်းသည့် ပြဿနာကိစ္စရပ်များ ပေါ်ပေါက်နိုင်ချေရှိပါသည်။ ၂၀၁၅ မြန်မာတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေတွင် ကော်မတီများ၊ လုပ်ငန်းအဖွဲ့များနှင့် ဝန်ဆောင်မှုအဖွဲ့အစည်းများအား ဖွဲ့စည်းနိုင်ရန်အတွက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးကို အာဏာအပ်နှင်းထားပါသည် (၂၀၁၅ မြန်မာတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ အခန်း ၅၊ ပိုဒ်ခွဲ ၁၀-၁၂)။ သို့သော်လည်း အဆိုပါ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများ ရွေးချယ်ဖွဲ့စည်းရာတွင် ပွင့်လင်းမြင်သာမှု မရှိဘဲ တိုင်းရင်းသားလူမျိုးစုများကိုလည်း ညှိနှိုင်းတိုင်ပင်ခြင်းမရှိပေ။

---

## ပြဿနာအကြောင်းကိစ္စရပ်များ ပေါ်ပေါက်လာနိုင်သည့် ၂၀၁၅ မြန်မာတိုင်းရင်းသားလူမျိုးများ၏ အခွင့် အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေပါအချက်များ

၂၀၁၅ မြန်မာတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေတွင် ပြဿနာအကြောင်းကိစ္စရပ်များ ပေါ်ပေါက်လာနိုင်သည့် ဥပဒေပြဌာန်းချက်များပါရှိပါသည်။ ဤဥပဒေပါ အခွင့်အရေးများ ပြဋ္ဌာန်းရာ၌ ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်းတွင် ချမှတ်ထားသည့် စံချိန်စံနှုန်းများနှင့် ကိုက်ညီမှုမရှိသည့် အခွင့်အရေးများဆိုင်ရာ ဖော်ပြချက်များ သို့မဟုတ် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို သုံးနှုန်းရေးဆွဲထားပါသည်။ ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်းနှင့် သွေဖယ်သွားသည့်အချက်များကို ဆွေးနွေးသုံးသပ်ရန် လိုအပ်မည်ဖြစ်ပါသည်။

### ၁)　ပြီးပြည့်စုံမှုမရှိသော အမွေအနှစ်ဆိုင်ရာအခွင့်အရေးများ

၂၀၁၅ မြန်မာတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ၊ အခန်း ၃သည် ဘာသာစကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ကိုးကွယ်သည့် ဘာသာသာသနာဆိုင်ရာ အခွင့်အရေးများနှင့် ရိုးရာတိုင်းရင်းဆေးပညာဆိုင်ရာအခွင့်အရေးများကို ပြဋ္ဌာန်းထားရှိပါသည် (၂၀၁၅ မြန်မာတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ၊ အခန်း ၃၊ ပိုဒ်ခွဲ ၄)။ သို့သော်လည်း အဆိုပါ အခွင့်အရေးများသည် ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်းမှ ထပ်လောင်းအသိအမှတ်ပြုထားသည့် အခွင့်အရေးများကို ချန်လှပ်ထားရှိပါသည်။ အထူးသဖြင့် ၂၀၁၅ မြန်မာတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေသည် ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်းတွင် ပါရှိသည့် ရှေးဟောင်းသုတေသန၊ သမိုင်း၊ ဘာသာသာသနာနှင့် ယဉ်ကျေးမှုနယ်မြေများ၊ ရှေးဟောင်းလူ့အသုံးအဆောင်ပစ္စည်းများနှင့် နည်းပညာဆိုင်ရာအခွင့်အရေးများကို ချန်လှပ်ထားရှိပါသည်။ ထို့ပြင် ၂၀၁၅ မြန်မာတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေသည် ရိုးရာတိုင်းရင်းဆေးပညာများ ထိန်းသိမ်းခြင်း၊ ဖွံ့ဖြိုးတိုးတက်စေခြင်းတို့ကို ဆောင်ရွက်နိုင်သည့် အခွင့်အရေးအား အသိအမှတ်ပြု ပြဋ္ဌာန်းထားရှိပါသည်။ သို့သော် ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်းတွင်မူ ထို့ထက်ပို၍ ရိုးရာတိုင်းရင်းဆေးပညာအတွက် အသုံးပြုသည့် အပင်များ၊ တိရစ္ဆာန်များ၊ ဓါတ်သတ္တုပစ္စည်းများအား ကာကွယ်ထိန်းသိမ်းဆောင်ရွက်နိုင်သည့် အခွင့်အရေးများကိုပါ ပြဋ္ဌာန်းထားရှိပါသည်။ ၎င်းအပြင် ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်းတွင် ဌာနေတိုင်းရင်းသားတို့၏ အထွတ်အမြတ်ထားရာ သီးသန့်နယ်မြေများအား ကာကွယ်ထိန်းသိမ်းထားရှိနိုင်သည့် အခွင့်အရေးများကိုပါ ပြဋ္ဌာန်းထားရှိပါသည်။

### ၂)　နိုင်ငံတကာသဘောတူညီချက် စံချိန်စံနှုန်းများမှ သွေဖယ်ခြင်း

၂၀၁၅ မြန်မာတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေတွင် ဌာနေတိုင်းရင်းသားလူမျိုးများအား စီမံကိန်းလုပ်ငန်းများကို ကြိုတင်ချပြအသိပေး၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်သည်ဟု

ဖော်ပြထားရှိပါသည် (၂၀၁၅ မြန်မာ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့်ကာကွယ်စောင့်ရှောက်ရေးဥပဒေ၊ အခန်း ၄၊ ပိုဒ်ခွဲ ၅)။ သို့သော် ဤအချက်သည် ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်းတွင် ကြိမ်ဖန်များစွာ ဖော်ပြပါရှိသည့် လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်းလုပ်ငန်းစဉ်ပါ စံချိန်စံနှုန်းများနှင့် တူညီမှုမရှိပေ( ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း၊ ပိုဒ်ခွဲ ၁၁၊ ၁၉၊ ၃၂)။ လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်းလုပ်ငန်းစဉ် **(FPIC)** သည် နိုင်ငံတကာမှလက်ခံထားရှိသည့် စံချိန်စံနှုန်းဖြစ်ပြီး ဆန္ဒသဘောထားရယူခြင်းကို အကျပ်ကိုင်ခြင်း၊ ဩဇာအာဏာဖြင့် ခြိမ်းခြောက်ခြင်းနည်းလမ်းများကို အသုံးမပြုဘဲ ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။ ထိုလုပ်ငန်းစဉ်ကို စီမံကိန်းလုပ်ငန်းများအကောင်အထည်မဖော်မီနှင့် စီမံကိန်းအကျိုးဆက်များမဖြစ်ပေါ်မီ ကာလအတွင်း ကြိုတင်ဆောင်ရွက်ရခြင်းဖြစ်ပြီး ဆန္ဒသဘောထားကိုရှေးရှု၍ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်အချက်အလက်များအား ပွင့်လင်းမြင်သာစွာ အသေးစိတ်ချပြ ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။

## ၃) နိုင်ငံတကာလုပ်ထုံးလုပ်နည်း စံချိန်စံနှုန်းများမှ သွေဖယ်ခြင်း

၂၀၁၅ မြန်မာတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေသည် အငြင်းပွားဖွယ်ကိစ္စ လုပ်ထုံးလုပ်နည်းဆိုင်ရာစံချိန်စံနှုန်းများကို သတ်မှတ်ပြဌာန်းမထားသော်လည်း တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးအား အငြင်းပွားမှုများကို ဖြေရှင်းရန်နှင့် ကော်မတီများ၊ လုပ်ငန်းအဖွဲ့များ၊ ဌာနေတိုင်းရင်းသားလူမျိုးစုများအတွက် ဝန်ဆောင်မှုအဖွဲ့အစည်းများဖွဲ့စည်းရန် တာဝန်ပေးအပ်ထားရှိပါသည် (၂၀၁၅ မြန်မာတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ၊ ပိုဒ်ခွဲ ၉-၁၅)။ ဤအချက်မှာ ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်းတွင် ပြန်ဌာန်းထားရှိသည့် အာမခံချက်များနှင့်တန်းတူ ပြဌာန်းမထားပေ။ ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်းတွင် လုပ်ထုံးလုပ်နည်းဆိုင်ရာ စံချိန် စံနှုန်းများစွာ ဖော်ပြပါရှိပါသည်။

- ဌာနေတိုင်းရင်းသားလူမျိုးများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်အတွက် ရေးဆွဲပြဌာန်းထားသည့် မျှတသော၊ ပွင့်လင်းမြင်သာမှုရှိသော၊ ထိရောက်သော လုပ်ထုံးလုပ်နည်းများ (ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း၊ ပိုဒ်ခွဲ ၁၂)
- မျှတသော၊ လွတ်လပ်မှုရှိသော၊ သမာသမတ်ကျသော၊ ပွင့်လင်းမြင်သာမှုရှိသော စီရင်ဆုံးဖြတ်ချက်များချမှတ်ခြင်း (ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း၊ ပိုဒ်ခွဲ ၂၇)
- ကိုယ်စားပြုအဖွဲ့အစည်းများပါဝင်သည့် ထိရောက်သော ညှိနှိုင်းတိုင်ပင်ဆွေးနွေးမှု (ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း၊ ပိုဒ်ခွဲ ၃၀)
- ချက်ချင်းလက်ငင်းဆောင်ရွက်သော၊ ဘက်မလိုက်သော၊ တရားမျှတသော လုပ်ထုံးလုပ်နည်းများ (ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း၊ ပိုဒ်ခွဲ ၄၀)

## ၄) အခြားသောနည်းလမ်းဖြင့် ပြန်လည်ကုစားခြင်းမရှိဘဲ ပြစ်မှုကျူးလွန်မှုဆိုင်ရာ ပြစ်ဒဏ်များအပေါ်သာ အရေးယူဆောင်ရွက်ခြင်း

---

အငြင်းပွားမှုကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရာ၌ ၂၀၁၅ မြန်မာတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေသည် ပြစ်မှုကျူးလွန်မှုများကို ပြစ်ဒဏ်များအနေဖြင့် ထောင်ဒဏ်၊ ငွေဒဏ်တို့ကိုသာ စီရင်ချမှတ်အရေးယူဆောင်ရွက်မည်ဖြစ်ပါသည် (၂၀၁၅ မြန်မာတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ၊ အခန်း ၈)။ သို့သော်လည်း ကျူးလွန်ခံရသူများမှ ကြုံတွေ့ခံစားခဲ့ရသည့် ထိခိုက်နစ်နာမှုများအပေါ် လျစ်လျူရှုထားပါသည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးစုများအား ထိခိုက်နစ်နာစေသည့် ပျက်စီးဆုံးရှုံးမှုအနည်းကိုသာ ဖြေရှင်းဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ ထို့အပြင် တိုင်းရင်းသားလူမျိုးစုများ၏ အခွင့်အရေးများ ချိုးဖောက်ကျူးလွန်ခံရခြင်းအတွက် လူတစ်ဦးတွင်သာတာဝန်ရှိသည်ဟု သုံးသပ်ရပါသည်။ သို့သော် ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်းမှာ ဌာနေတိုင်းရင်းသားလူမျိုးများမှ ကြုံတွေ့ခံစားရသော ထိခိုက်နစ်နာမှုများအပေါ် ကိုင်တွယ်ဖြေရှင်းပေးရန် အလေးထားပါသည်။ ထို့အပြင် တိုင်းရင်းသား လူမျိုးစုများ၏ အခွင့်အရေးများအား ချိုးဖောက်ခြင်းကို လူအများမှ အလွယ်တကူမကျူးလွန်မိစေရန် အလေးထားပါသည်။ အထူးသဖြင့် ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်းသည် ထိခိုက်နစ်နာမှုများကို အောက်ပါနည်းလမ်းများဖြင့် ပြန်လည်ကုစားနိုင်ရန် ပြဋ္ဌာန်းပေးထားပါသည်-

- ဌာနေတိုင်းရင်းသားတို့၏ အခွင့်အရေးများအား ချိုးဖောက်ခြင်းကြောင့် ဖြစ်ပေါ်လာသော ထိခိုက်နစ်နာမှုများအတွက် ထိခိုက်မှုလျော်ကြေး (ပိုဒ် ခွဲ ၁၁)
- ဌာနေတိုင်းရင်းသားတို့၏ အခွင့်အရေးများကို ချိုးဖောက်ခြင်းကြောင့် ဖြစ်ပေါ်လာသော ထိခိုက်နစ်နာမှုများအတွက် တရားမျှတ၍ သင့်တင့်ညီမျှမှုရှိသောလျော်ကြေး (ပိုဒ် ခွဲ ၁၁)
- တရားမျှတ၍ သင့်လျော်သော ပြန်လည်-ပပြင်ပေးလျော်မှု (ပိုဒ် ခွဲ ၃၂)
- ဌာနေတိုင်းရင်းသားတို့၏ အခွင့်အရေးများကို ချိုးဖောက်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် ပတ်ဝန်းကျင်၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု သို့မဟုတ် ယုံကြည်သက်ဝင်မှုဆိုင်ရာ ထိခိုက်ပျက်စီးမှုဆိုးကျိုးများအား လျော့ပါးသက်သာစေခြင်း (ပိုဒ် ခွဲ ၃၂)
- ဌာနေတိုင်းရင်းသား တို့၏ အခွင့် အရေးများကို ချိုးဖောက်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် ထိခိုက်နစ်နာမှုများကို ဖြေရှင်းရန် သို့မဟုတ် လျော့ကျစေရန် ထိရောက်သောကုစားမှုများ (ပိုဒ် ခွဲ ၄၀)

---


**ပွိုင့် (ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့)**

အမှတ် (၆၈၇)၊ ကြို့ကုန်း စလမ်း(တောင်)၊ အရှေ့ကြို့ကုန်း၊ အင်းစိန် - ရန်ကုန်။

ရုံးဖုန်း / ၀၉-၂၅၄ ၂၄၉ ၄၉၄

ဖေ့(စ်)ဘွတ်လိပ်စာ / https://www.facebook.com/PromotionOfIndigenousandNatureTogether

အင်တာနက်လိပ်စာ / www.pointmyanmar.org

အီးမေးလ် / point.org.mm@gmail.com